# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## [ ၂၄- ၁၀ - ၂၀၁၂ ]

## ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပြည်ပမီဒီယာများက မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဖြစ်စေ ထိခိုက်အောင်၊ သိက္ခာကျအောင် အသရေဖျက် ပြောဆို လာလျှင် မည်သည့်ပုဒ်မနှင့် အရေးယူမည်ကို သိရှိလိုကြောင်း** နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( ခ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော သတင်းထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့ကို ဖျက်သိမ်းခြင်း** ရှိ/မရှိ နှင့် **နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ယခင် ပါလီမန်ဒီမိုကရေစီခေတ်ကကဲ့သို့ တိုက်ပွဲသတင်းမှအစ မခြွင်းမချန် ထည့်သွင်း ထုတ်ပြန်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကျောက်တော်မြို့နယ်၊ နဂရာကျေးရွာအုပ်စုအတွင်းသို့ ကျူးကျော်ဝင်ရောက် နေထိုင်သည့် ဘင်္ဂါလီကျေးရွာအား ဖယ်ရှားပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့များ၏ မြို့စွန်ရှိ ဘင်္ဂါလီလူမျိုးရပ်ကွက် နှင့် ကျေးရွာများ၏ လူနေဧရိယာ တဖြည်းဖြည်း ကြီးကျယ်ပြန့်ကားမှုသည် မြို့ပြအက်ဥပဒေနှင့် ကျေးရွာအက်ဥပဒေများနှင့်အညီ တရားဝင်ရပ်ကွက် သို့မဟုတ် ကျေးရွာများ ဟုတ်/မဟုတ် ၊ ဥပဒေနှင့်မညီပါက နောင်တွင် ယင်းတို့၏ လူနေအိမ်ရာ နယ်နိမိတ်ကို သတ်မှတ်ပေးပြီး ထိန်းချုပ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( င ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ စစ်ကိုင်းတိုင်း၊ **ကလေးမြို့နယ်၊ ရာဇဂြိုလ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနမှ သိမ်းယူထားသော ကျေးရွာစားကျက်မြေများအနက် ရွာနှင့်ကပ်လျက်ရှိသော မြေများကို ပြန်လည် ပေးအပ်လိုခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( ခ ) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

၇။ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ၏ **ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှု စနစ်တစ်ရပ် ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် အဆင့်ဆင့် သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ နိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

- ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

၉။ ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ၏ **အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်းမပြုဘဲ အားလုံးကို တပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်းပြုပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဥ္စမနေ့အစည်းအဝေး ရပ်နားကြောင်း နှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။